www.burmeseclassic.com

# သမီးလေးရေ (၁)

၁၄–၂–၀၆ ညနေ ၅း၀၀ နာရီ

သမီးလေးရေ

အခုအချိန်လောက်ဆိုရင် သမီးအလုပ်ကပြန်ရောက်လောက်ပြီ။

ဆေးတက္ကသိုလ် ကျောင်းသူဘ၀တုန်းက ကျောင်းကပြန်လာတာနဲ့ တစ်ရေးအိပ်တတ်တဲ့ သမီးလေး ရဲ့ ညနေတွေကို သတိရနေမိတယ်။ အိပ်ယာကနိုးမှ တစ်နာရီလောက်အတွင်း ဟင်းတွေ အပြီးချက်ပြီး ဖေနဲ့မေအတွက် ညနေစာ ချက်ပေးခဲ့တာတွေကလဲ အမှတ်ရစရာလေးတွေပေါ့။ ဆေးကျောင်းသူမို့ စာတွေများလို့ အိမ်အလုပ်တွေ ဘာမှဝိုင်းမလုပ်နိုင်ဘူးဆိုတာ သမီးရဲ့ သမိုင်းမှာ မရှိခဲ့တာအတွက်လဲ ဂုဏ်ယူမိပါတယ်သမီးရယ်။ အသက်တွေကြီးလာလေ၊ တာ၀န်တွေများလာလေ နားရတဲ့အချိန်နည်းလာလေပေါ့။ လုပ်စရာ ထွေထွေထူးထူးမရှိဘူးဆိုရင်တောင်မှ စိတ်ကမအားတာမို့ မနားရသလို ခံစားရတတ်ပါတယ်။ ဒါတောင်မှ သမီးမှာက ပိုက်ဆံအတွက်မပူရသေးဘူး။ ပိုက်ဆံအတွက်ပါ စိတ်ပူရတဲ့သူတွေ ဘယ်လောက်များ ပင်ပန်းကြရှာမလဲ စာနာစရာပဲနော်။

မေတို့ရဲ့ဆရာ ဦးကောင်းညွှန့် (ဆရာ မနှစ်က ဆုံးသွားတဲ့အကြောင်း သမီးလဲ မှတ်မိမှာပါ) က ပြောဘူးတယ်။ အလုပ်ဆိုတာ လုပ်စရာတွေကို ခေါင်းထဲမှာ စီထားပြီး သွားရင်းဟန်လွှဲ လုပ်သွားတတ်ရတယ်တဲ့။ တာ၀န်ကြီးတဲ့နေရာရောက်လေ လုပ်စရာအလုပ်တွေများလာလေမို့ အလုပ်များလိုက်ထာရယ်လို့ သဘောမထားဘဲနေနိုင်မှ နေသာမယ်တဲ့။

မေတို့အတွက် သင်ခန်းစာယူစရာစကားတွေကို ဆရာက အခါအခွင့်ကြုံတိုင်း ပြောပြခဲ့တာတွေ အများကြီးပါပဲ။ ဆရာ့ကျေးဇူးတွေကို အောက်မေ့သတိရတိုင်း ဆရာ့ကို စိတ်ထဲက ရည်စူးပြီး ကန်တော့နေမိတယ်။ အထူးသဖြင့် မေတို့လက်ထပ်တုံးက မင်္ဂလာလက်ဖွဲ့အဖြစ် အမှတ်တရ စာတစ်စောင် ရေးပေးထားတာ အခုထိ မေသိမ်းထားသေးတယ်။ ဒီနေ့က သမီးတို့ လူငယ်တွေရဲ့ ‘ ချစ်သူများနေ့ ’ ဆိုတော့ မေတို့အရွယ်လူကြီးတွေနဲ့ မဆိုင်လှပေမဲ့ ချစ်သူတွေအကြောင်းကို စဉ်းစားနေမိပြီး ဆရာရေးပေးခဲ့တဲ့စာထဲက အကြောင်းအရာ တွေအထိ စိတ်ကရောက်သွားတယ်လေ။ ဇနီးမောင်နှံနှစ်ယောက် အသက်ထက်ဆုံး အတူနေနိုင် ကြဘို့အတွက် အရေးအကြီးဆုံးလိုအပ်ချက်ကတော့ တစ်ယောက်နဲ့တစ်ယောက် Harmony ဖြစ်နေဘို့ပဲတဲ့။ ဟန်ချက်ညီညီနဲ့ အပေးအယူမျှနေရမဲ့သဘောပေါ့။ သူကတင်းတဲ့အခါ ကိုယ်ကလျှော့ပေး၊ ကိုယ်တင်းနေတဲ့အခါ သူကလျှော့ပေးရမယ် ဆိုတာတွေလဲ ဆရာကရေးထားတယ်။

ချစ်သူတွေဖြစ်ဖို့ကလွယ်ပါတယ်။အသက်ထက်ဆုံး ဘ၀လက်တွဲဖော်ဖြစ်ဖို့ကတော့ နှစ်ယောက်လုံးရဲ့ စိတ်ဓါတ်အရည်အချင်းပေါ်တည်လိမ့်မယ်။ စာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးတာကတော့ လူတွေရဲ့အချစ်စိတ်ဆိုတာ ၂ နှစ်လောက်ပဲ အရှိန်တက် တတ်ကြတာတဲ့။ အတူနေတာ ကြာလာတာနဲ့အမျှ တစ်ယောက်ရဲ့ အားနည်းချက်တွေကို တစ်ယောက်က ပိုသိလာပြီး သည်းမခံနိုင် ဖြစ်လာတတ်ကြတယ်တဲ့။ သံယောဇဉ်တို့ တွယ်တာမှုတို့ ဆိုတာတွေနဲ့ ချည်နှောင်ထားကြလို့သာ အိမ်ထောင်တွေတည်မြဲနေတာတဲ့။ တကယ်လဲ ဖြစ်နိုင်ခြေရှိပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သက်ဘယ်လောက်မှ မကြာသေးတဲ့ မေ့တပည့်မလေး ထိုက်ထိုက်က ပြောဘူးတာလေးကို သမီးကိုပြောပြရအုံးမယ်။ သူ့ခင်ပွန်း မောင်အောင်နိုင်က သူနဲ့ လက်ထပ်ပြီး တစ်နှစ်လောက်အကြာမှာ နိုင်ငံခြားကို အလုပ်သွားလုပ်တယ်လေ။ မေက ထိုက်ထိုက်နဲ့တွေ့တော့ သာကြောင်းမာကြောင်းတွေမေးကြပြောကြရင်း ‘ သမီးတို့ငယ်ကြသေးတယ်၊ မိသားစုအတူတကွ နေခွင့်ရအောင် မောင်အောင်နိုင်ကို လေးငါးနှစ်လောက် အလုပ်ကြိုးစားလုပ်ပြီး အတော်အတန်စုဆောင်းမိရင် ပြန်လာခိုင်းပေါ့’ လို့ ပြောမိတယ်။ သူက ဘာပြန်ပြောလဲဆိုတော့ ‘သမီးမှာ သူနဲ့ပတ်သက်ပြီး ဘာ Feeling မှမရှိတော့သလိုပဲ။ အရေးကြီးတာက ပိုက်ဆံများများပို့ပေးဘို့ပဲ ’ တဲ့လေ။ မေ့တပည့်အတွဲတွေထဲမှာ အသဲဆုံးအတွဲတစ်တွဲအဖြစ် သတိထားမိခဲ့တဲ့ သူတို့လိုစုံတွဲဆီက ဒီလိုစကားမျိုးကြားရတာ မေ့စိတ်ထဲမှာ ထိခိုက်မိသလို ခံစားမိတယ်။

မေက လူတွေရဲ့စိတ်ခံစားချက်တွေအကြောင်း တွေးနေတတ်တဲ့သူဆိုတော့ ချစ်သူများနေ့ကို အကြောင်းပြုပြီး ချစ်သူစုံတွဲတွေ၊ ချစ်သူဘဝက တစ်ဆင့်တက်ပြီး ဇနီးမောင်နှံဖြစ်လာကြသူတွေ အကြောင်းကို ဆက်စပ်တွေးတောမိရင်း၊ တစ်ဆက်ထဲမှာပဲ သမီးက ခုတလော အလုပ်တွေ များလွန်းလို့ မောနေတာပဲလို့ပြောတာရော၊ သမီးတို့ ဇနီးမောင်နှံနှစ်ယောက် မအားကြလွန်းလို့ တစ်နေ့တစ်နေ့ တွေ့ရတယ်မရှိပါဘူး ဆိုတာတွေ ကြားနေရတာရော စုပေါင်းပြီး သမီးဆီကို ရေးချင်စိတ်ပေါက်လာတာလေးတွေ ရေးလိုက်ထာပါ။

မေ သမီးဆီကို စာမရေးတာကြာပြီလို့ သမီးကပြောတယ်နော်။ နေ့တိုင်းလို ဖုန်းဆက်ဖြစ်နေတာတစ်ကြောင်း လွန်ခဲ့တဲ့ သုံးလေးပတ်လောက်ကမှ အသစ်တင်ထားတဲ့ Cherrythitsar Website မှာ ဖတ်ချင်စရာ စာတွေအများကြီးတွေ့နေရလို့ စာတွေပိုဖတ်ဖြစ်နေတာ တစ်ကြောင်းကြောင့်မရေးဖြစ်ထာပါ။ အိမ်မှုကိစ္စတွေဆိုတာကတော့ တစ်သက်လုံးကျင့်သားရ လာတာမို့ ပင်ပန်းလောက်အောင် လုပ်ရတယ်မရှိပါဘူး။ မေပြောနေကျအတိုင်းပဲ ကျန်းမာရေးကိုဂရုစိုက်၊ အချိန်တွေကို တန်ဖိုးရှိအောင်သုံး၊ ရတနာမြတ်သုံးပါးကို မမေ့မလျော့နဲ့၊ မေတို့ဂုဏ်ယူထိုက်တဲ့သမီးလေးဖြစ်ပါစေ။

လွမ်းနေတဲ့ ချစ်မေမေ။

မိုး (ပျဉ်းမနား)

www.burmeseclassic.com